MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.
Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township,
Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

ရက်စွဲ။ ၂၀၂၀ပြည့်နှစ်၊ စက်တင်ဘာလ ( ၃ )ရက်

**ဘဏ္ဍာရေးဌာနအကြီးအကဲအဖြစ်မှ အနားယူခြင်းနှင့် ဘဏ္ဍာရေးဌာနအကြီးအကဲအသစ်ခန့်အပ်ခြင်း**

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်း ပက်ဘလစ်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့အနေဖြင့် ဘဏ္ဍာရေးဌာန အကြီးအကဲဖြစ်သည့် ဦးမျိုးမြင့်အောင်သည် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ(၃၁)ရက်နေ့အထိ ကုမ္ပဏီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံသူများ နှင့်အစုရှယ်ယာရှင်များအား အသိပေးကြေညာအပ်ပါသည်။

ဦးမျိုးမြင့်အောင် အနေဖြင့် ၎င်းအတွက်ပိုမိုကောင်းမွန်သည့် အခွင့်အလမ်းများနှင့် ကိုယ်ရေးကိုယ်တာ ကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် အလုပ်မှအနားယူခဲ့ခြင်းအား ကုမ္ပဏီမှ ခွင့်ပြုခဲ့ခြင်း ဖြစ်ပါသည်။

ဦးမျိုးမြင့်အောင်မှ ဘဏ္ဍာရေးဌာန အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်ကာလအတွင်း MTSH ၏ လုပ်ငန်းများတိုးတက်အောင်မြင်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သော လုပ်ဆောင်ချက်များအား ဒါရိုက်တာအဖွဲ့မှ အထူးကျေးဇူးတင်ရှိပါသည်။

ဦးမျိုးမြင့်အောင် ဆောင်ရွက်ခဲ့သည့် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်ချက်များကို ဒေါ်ယုဝါထွန်း မှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၁) ရက်နေ့မှစ၍ လွှဲပြောင်းရယူသွားမည်ဖြစ်ပါသည်။

အသစ်ခန့်အပ်လိုက်သည့် ဒေါ်ယုဝါထွန်းသည် မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့တွင် ဘဏ္ဍာရေးနှင့် စာရင်းအင်းဆိုင်ရာစီမံခန့်ခွဲခြင်း အတွေ့အကြုံများရှိသဖြင့် စီမံခန့်ခွဲရေးကဏ္ဍ ဦးဆောင်သူတစ်ဦးအနေဖြင့် ကုမ္ပဏီ၏ ရည်မှန်းချက်များအား အကောင်အထည်ဖော်ဆောင်ရာတွင် များစွာအထောက်အကူပြုဆောင် ရွက်နိုင်မည်ဟု မျှော်လင့်ပါသည်။

ဒေါ်ယုဝါထွန်း၏ ပညာရေးနှင့် လုပ်ငန်းအတွေ့အကြုံများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

သူမသည် Chartered Accountant of Singapore, Chartered Certified Accountant (ACCA-UK), Passed Certified Public Accountant of Myanmar, B.Sc (Honors) in Applied Accounting from Oxford Brookes University, UK တို့ကို ရရှိခဲ့ပါသည်။

သူမသည် စာရင်းကိုင်၊ စာရင်းစစ်နှင့် ဘဏ္ဍာရေးဆိုင်ရာကဏ္ဍများတွင် (၁၅) နှစ်ခန့် အတွေ့အကြုံ ရှိသူတစ်ဦးဖြစ်ပြီး၊ နယူးယောက်စတော့အိပ်ချိန်းဝင် ကုမ္ပဏီတစ်ခုဖြစ်သည့် Interpublic Group of Companies ၏ စင်ကာပူအခြေစိုက် CMG Group (Singapore) Pte Ltd. အပါအဝင် Oversea အတွေ့ အကြုံ (၆) နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် MTSH တွင် Group Finance Manager ရာထူးဖြင့် ၂၀၁၇ခုနှစ် ဒီဇင်ဘာလမှစ၍ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။

ထွန်းလွင်
Board Secretary

MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.
Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

Date: September 3, 2020

**Resignation of Head of Finance and Appointment of New Head of Finance**

The Board of Directors (the "Board") of Myanmar Thilawa SEZ Holdings Public Company Limited ("MTSH" or the "Company") wishes to announce the resignation of U Myo Myint Aung as Head of Finance of the Company effective from 31st August 2020 and he resigned to pursue other opportunities and personal interest.

The Board wished to take this opportunity to thank U Myo Myint Aung for his invaluable contribution to the Company during his term of office as Head of Finance.

Myanmar Thilawa SEZ Holdings Public Company Limited is pleased to announce that Daw Yu War Tun to continue U Myo Myint Aung's position effective from 1st September 2020.

The Board also believes that Daw Yu War Tun will drive MTSH towards achieving its objective as a part of the leadership of the Company and will support the Board in strategic and operational decision makings.

Daw Yu War Tun's Education and Professional Background is as below;
She had admitted Chartered Accountant of Singapore, Chartered Certified Accountant (ACCA-UK), Passed Certified Public Accountant of Myanmar, B.Sc (Honors) in Applied Accounting from Oxford Brookes University, UK.

She has total 15 years' experience in Accounting and Auditing and Finance fields including in the CMG Group (Singapore) Pte Ltd. which is 100% subsidiaries of the Interpublic Group of Companies (a company listed on New York Stock Exchange) and then she joined MTSH in December 2017 as Group Finance Manager.

Tun Lwin
Board Secretary